British Embassy
Yangon

UK Trade
& Investment

# သတင်းထုတ်ပြန်ကြေညာခြင်း - ဒီဇင်ဘာလ (၁) ရက်၊ ၂၀၁၃

**UK သံရုံးသည် ပထမဆုံးသော Great Britain Week ကို မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ (၁) ရက်နေ့မှ (၇) ရက်နေ့ထိ ကျင်းပပြုလုပ်မည်။**

ယနေ့တွင် ရက်သတ္တတစ်ပတ် ကြာ ကျင်းပမည့် ၂၀၁၃ Great Britain Week ကို စတင်လိုက်ပြီဖြစ်သည်။ ယနေ့ အစီအစဉ်သည် နိုင်ငံတွင်းရှိ မြို့ကြီးအချို့တွင် ကျင်းပမည့် ဗြိတိသျှပွဲတော်များ၏ အစ ဖြစ်သည်။ ပွဲတော်သည် ဗြိတိန်၏ အကောင်းဆုံးသော စီးပွားရေး၊ ပညာရေး နှင့် ယဉ်ကျေးမှု ကို ပြသရန်ရည်ရွယ်ပြီး ဤနယ်ပယ်များ အားလုံးနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဗြိတိန်နှစ်နိုင်ငံကြား ဆက်သွယ်မှုကို ခိုင်မာလာစေရန် ရည်ရွယ်ပါသည်။

ယနေ့တွင် ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှ ရာပေါင်းများစွာသော ဧည့်သည်တော်များသည် ဗြိတိသျှသံအမတ်ကြီးနေအိမ်၌ Great Britain Week ကို ကျင်းပရန် ဉယျာဉ်ပွဲတော်သို့ တက်ရောက်ခဲ့ကြသည်။ အဓိက ငွေကြေးထောက်ပံ့ပေးသည့် BG Group ကဲ့သို့သော ဗြိတိန် ဦးဆောင်ကုမ္ပဏီများသည် ဗြိတိန်စီးပွားရေးလုပ်ငန်း ပြပွဲတွင် ပါဝင်ခဲ့ကြသည်။ များစွာသော ဗြိတိသျှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် စွမ်းအင်၊ ဉပဒေ အကျိုးဆောင်၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ logistics၊ အစားအသောက်နှင့် အဖျော်ယာမကာ စသည့် ကဏ္ဍများတွင် ရင်းနှီးမြုပ်နှံပြီးဖြစ်သည်ဆိုသည့် ၎င်းတို့၏ ကတိကဝတ်ကို ဤပြပွဲက ထုတ်ဖော်ပြသခဲ့သည်။ မိသားစုဝင်များသည် ကလေးကစားပွဲများ၊ ဗြိတိသျှရိုးရာအစားအစာများ ကို ယခုကျင်းပသော ဉယျာဉ်ပွဲတော်တွင် မိသားစုများ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ဗြိတိန် သံအမတ်ကြီး Andrew Patrick က အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

"ကျွန်ုပ်အနေဖြင့် ပထမဆုံးသော Great Britain Week ကို ဤနေရာတွင် ကျင်းပခွင့်ရရှိသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါသည်။ ကျွန်ုပ်တို့သည် နှစ်နိုင်ငံကြား စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုများကို မြှင့်တင်ရန် ပွဲတော်ပေါင်းများစွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ကာလကြာရှည်စွာ ရင်းနှီးမြှုပ်နှံမည့် ဗြိတိန်ကုမ္ပဏီများထံမှလည်း အလွန်ခိုင်မာသောထောက်အပံ့မှုများ ရရှိပြီးဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် ဧည့်သည်တော်ပေါင်းများစွာကို ကျွန်ုပ်တို့၏ ဖွင့်ပွဲအခမ်းအနားတွင် ကြိုဆိုရသည့်အတွက် ဝမ်းသာမိပါသည်။ တတ်နိုင်သမျှများပြားလှသည့် ဧည့်သည်တော်များလည်း တစ်ပတ်တာကာလပတ်လုံး ကျွန်ုပ်တို့၏ နောက်ထပ်ပွဲတော်များကို လာရောက်ပျော်ရွှင်နစ်သက်လိမ့်မည်လို့ ကျွန်ုပ်မျှော်လင့်မိပါသည်။"

ဒီဇင်ဘာလ (၂)ရက် တနင်္လာနေ့တွင် သံအမတ်ကြီး Andrew Patrick သည် ပထမဆုံးသော Great Britain Road Show ပွဲကြီးကို ဗြိတိန်နိုင်ငံတော်အလံပုံ ဆေးသုတ်ထားသော အထူး Land Rover ကားနှင့် မိုင်ပေါင်း (၇၈၅) မိုင်ဝေးသည့် ရန်ကုန်မှ လားရှိုးသို့ ဦးဆောင်မည်ဖြစ်ပါသည်။ ဤ Road Show (လမ်းတစ်လျှောက်ပြပွဲ) တွင် နေပြည်တော်၊ ပုဂံ၊ အပူပိုင်းဒေသမှ ကျေးလက်တောရွာများ၊ မန္တလေး နှင့် ပြင်ဦးလွင် မြို့များသို့ အလည်အပတ်

UK Trade & Investment,
80 Strand Road, Yangon (Rangoon),
Myanmar (Burma).
T + (951) 370863 to 67 Ext 2227
F + (981) 370866
www.ukti.gov.uk

ရောက်ရှိမည်ဖြစ်ပါသည်။ ဗြိတိန်ကိုယ်စားလှယ်များသည် စီးပွားရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် ဧည့်ခံပွဲများ ကျင်းပလိမ့်မည်။ ထိုဧည့်ခံပွဲတွင် ဗြိတိသျှသံရုံးနှင့် ဗြိတိသျှကောင်စီမှ အထောက်အပံ့ရယူ၍ အင်္ဂလိပ်စာလေ့လာနေသော လူငယ်များနှင့် တွေ့ဆုံမည်ဖြစ်ပြီး ဗြိတိသျှနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့် သံရုံးမှ ငွေကြေးထောက်ပံ့ထားသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းများ နှင့် လူ့အခွင့်အရေးဆိုင်ရာ စီမံကိန်းများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ ထို့နောက် ဒေသခံစာသင်ကျောင်းများနှင့်အတူတကွ ဘောလုံးပွဲများကစားခြင်းဖြင့် ဗြိတိန် အားကစားဆိုင်ရာယဉ်ကျေးမှုကို ကျင်းပလိမ့်မည်ဖြစ်သည်။

နောက်ရက်သတ္တပတ်များတွင် ကျွန်ုပ်တို့သည် ရန်ကုန်တွင် စိတ်လှုပ်ရှားဖွယ်ကောင်းသော အောက်ပါ ပွဲတော်များကို ဆက်တိုက်ကျင်းပမည်ဖြစ်သည်။

- ဒီဇင်ဘာလ (၅) ရက် ကြာသပတေးနေ့တွင် ဗြိတိန်သံအမတ်ကြီး Andrew Patrick သည် ရန်ကုန် AOC တူရိယာစုံတီးဝိုင်းကြီးနှင့်တွဲဖက်တီးခတ်မည့် ဗြိတိန် တယောပညာရှင် Sebastian See-Schierenber ဖျော်ဖြေမည့် ဂီတပွဲကို ဧည့်ခံကျင်းပလိမ့်မည်။
- ဒီဇင်ဘာလ (၆) ရက် သောကြာနေ့တွင် ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် လူငယ်အဖွဲ့အစည်းများမှ လူငယ်များနှင့် ကလေးသူငယ် အယောက် (၃၀၀) တို့သည် ရန်ကုန် အမျိုးသားကဇာတ်ရုံတွင် William Shakespeare ၏ Macbeth ပြဇာတ်အကြောင်းကို သရုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်လိမ့်မည်။ Shakespeare သည် ဗြိတိန်နိုင်ငံ၏ အကျော်ကြားဆုံးသော ပြဇာတ်ရေး ဆရာဖြစ်ပြီး ဤစီမံကိန်းသည် Shakespeare ၏ အသက်ဝင်သည့်ပြဇာတ်များကို ကလေးသူငယ်များအား မိတ်ဆက်ပေးရန် ရည်ရွယ်ပါသည်။ လက်မှတ်များကို ညနေ (၅) နာရီမှစတင်၍ အမျိုးသား ကဇာတ်ရုံတွင် ရယူနိုင်ပါလိမ့်မည်။
- ဒီဇင်ဘာလ (၇) ရက် စနေနေ့တွင် Great Britain Week ကို ရန်ကုန်ရှိ ပြည်သူ့ ဥယျာဉ်တွင် ဗြိတိသျှပွဲတော်တစ်ခုနှင့် ပိတ်ပွဲကျင်းပမည်ဖြစ်ပါသည်။ ဤပွဲတော်တွင် တစ်ဖက် (၅) ယောက် ပါဝင်ကစားရသည့် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် စတင်ဖွင့်လှစ်လိမ့်မည်ဖြစ်သည်။ အစားအသောက်များကို တစ်နေ့ပတ်လုံး ရရှိနိုင်မည်ဖြစ်ပါသည်။ ညနေခင်းတွင် ဖြူဖြူကျော်သိန်း၊ ဇမ်နူး နှင့် Bloodsugar Politik တို့အပါအဝင် လူကြိုက်များသည့် မြန်မာအဆိုတော်များသည် ညနေ ၅း၃၀ မှစ၍ အခမဲ့ live show ကို ဖျော်ဖြေတင်ဆက်မည်ဖြစ်ပါသည်။ ဖျော်ဖြေတင်ဆက်မှုများတွင် အကောင်းဆုံးသော ဗြိတိသျှနှင့်မြန်မာ ဂီတ ယဉ်ကျေးမှုပွဲတော် ကျင်းပမည်ဖြစ်၍ အင်္ဂလိပ် နှင့် မြန်မာသီချင်းများအားလုံး ပါဝင်လိမ့်မည်။ အားလုံးကို ကြိုဆိုပါသည်။ ဝင်ကြေးအခမဲ့ဖြစ်ပါသည်။

Great Britain Week နှင့်ပတ်သက်၍ နောက်ထပ်သတင်းအချက်အလက်များအတွက်

www.facebook.com/fcoburma တွင် ဝင်ရောက်ကြည့်ရှုပါ။

**အယ်ဒီတာထံသို့ မှတ်ချက်**

၂၀၁၃ Great Britain Week ကို UK ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဌာန၊ ဗြိတိသျှသံရုံးနှင့် ဗြိတိသျှ ကောင်စီမှ ကြီးမှူးကျင်းပသည်။

ဤပွဲတော်အား BG Group, Allen & Overy, Claridon Group, Prudential နှင့် Standard Chartered Bank တို့မှ ငွေကြေးထောက်ပံ့ပေးသည့်အပြင် Shakespeare ကျောင်းများနှင့် RMA Group တို့မှလည်း ကူညီထောက်ပံ့မှုများ ရရှိပါသည်။